**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားနိုင်ကြောင်း**

**အသိပေးကြေညာချက်**

၁။ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်တွင် ပါဝင်သော ကုမ္ပဏီ/ အဖွဲ့အစည်းများသည် စည်းကမ်းလိုက်နာမှုကောင်းမွန်စေရေးနှင့် ကုန်သွယ်မှုလုံခြုံချောမွေ့စေရေးတို့အတွက် ကုန်တင်ပို့သူ (Exporter) ကုမ္ပဏီ (၁)ခုအား ၁-၉-၂၀၂၂ ရက်နေ့တွင် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ် အသိအမှတ်ပြုခဲ့ပြီး ကုန်တင်သွင်းသူ (Importer) ကုမ္ပဏီ (၁)ခုအား ၂၄-၁၀-၂၀၂၄ ရက်နေ့တွင် အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ (Level-1) အဖြစ်အသိအမှတ်ပြု၍ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူ ရှေ့ပြေးအစီအစဉ်ကို စတင်ဆောင်ရွက်လျက် ရှိပါသည်။

၂။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားလိုသော ကုန်တင်ပို့သူ (Exporter)နှင့် ကုန်တင်သွင်းသူ (Importer) များအနေဖြင့် Myanmar Customs Website https://www.customs.gov.mm/AEO တွင် လျှောက်လွှာပုံစံကို Download ရယူ၍ အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ၊ Email မှ ဖြစ်စေလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

လိပ်စာ- အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများဆိုင်ရာဌာနစု၊
နှောင်းစာရင်းစစ်ဆေးခြင်းနှင့်ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ၊
အကောက်ခွန်ဦးစီးဌာန၊
အမှတ် ၂၀၅/ ၂၁၁၊ ပထမထပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်း (၅၀) ထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Email: myanmaraeo@gmail.com

အကောက်ခွန်ဦးစီးဌာန